# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 14 , 2022 Volume 55, Number 10


**၁၄.၆.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၇ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၄၆၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၈၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၃၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၄၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၂.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၄.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၀၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၈.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၉၃၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရန်ကုန်တိုင်းဒေသကြီးမှ ရေထွက်ကုန်ပစ္စည်းများကို လေကြောင်းမှတစ်ဆင့် ပြည်ပသို့ နေ့စဉ်တန်ချိန် ၆၀ ပုံမှန်တင်ပို့နေ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီးမှ အာရှဒေသနှင့် EU နိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းများကို ယခုဘဏ္ဍာနှစ်မှစ၍ လေကြောင်းမှတစ်ဆင့် နေ့စဉ်တန်ချိန် ၆၀ ပုံမှန်တင်ပို့နေကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ရွှေကပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတများ ပေါများစေရန်၊ ပိုလျှံသော ရေထွက်ကုန်များကို နိုင်ငံခြားသို့ တင်ပို့နိုင်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းမှထွက်ရှိသော ငါး၊ ပုစွန်များကို ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် ပင်လယ်ရေကြောင်းမှ တင်ပို့နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများသို့လည်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တင်ပို့လျက်ရှိသည်။

“ရေထွက်ကုန်ပစ္စည်းတွေကို လေယာဉ်နဲ့တင်ပို့တာ တစ်နေ့ကို တန် ၆၀ လောက် အနည်းဆုံးရှိတယ်။ လေယာဉ်နဲ့တင်ပို့တာက တစ်လကို အနည်းဆုံးတန်ချိန် ၁၈၀၀ လောက်ရှိတယ်” ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ရွှေကပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် EU အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် ရေထွက်ကုန်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် အအေးခန်းစက်ရုံခုနစ်ရုံရှိပြီး ထိုစက်ရုံများမှထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများကို ဥရောပနိုင်ငံများသို့ အဓိကထား တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ကျင်းပမည့် STARTMEUP HK နှင့် FINTECH WEEK 2022 သို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်နိုင်ရန်ဖိတ်ခေါ်

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ကျင်းပမည့် STARTMEUP HK နှင့် FINTECH WEEK 2022 သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များပါဝင် တက်ရောက်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအစိုးရအဖွဲ့အစည်းဖြစ်သည့် Invest HK ၏ စီစဉ်မှုဖြင့် Startmeup HK Festival ကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက်မှ ၁၀


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ထို့ပြင် FinTech Week 2022 ကိုလည်း ဟောင်ကောင်ဒေသ၌ ၂၀၂၂ ခုနှစ် အောက်တိုဘာလကုန်နှင့်နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲများကို Hybrid ပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ကာ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်မည်ဖြစ်သည်။ Startmeup HK Festival နှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို http://www.startmeup .hk startmeuphkfestival-2022/ တွင် လေ့လာနိုင်ပြီး မှတ်ပုံတင်စာရင်းပေးသွင်းရမည့်လုပ်ငန်းစဉ်ကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း၊ Hong Kong FinTech Week 2022 အတွက် http://www.fintechweek.hk/pre-register-2022 တွင် ကြိုတင်မှတ်ပုံတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကျင်းပမည့်အစီအစဉ်ကို ထပ်မံ၍ကြေညာပေးမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင် ဟောင်ကောင်၏ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉ ဒသမ ၈၇၁ ဘီလျံကျော်ရှိပြီး စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ၁၀ ဒသမ ၈၄ ရာခိုင်နှုန်းရှိနေသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုအနေဖြင့် တရုတ်နိုင်ငံက ဒေါ်လာ၂ ဒသမ ၇၈၂ သန်း၊ တိုင်ပေက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာနှစ်သန်း၊ ဟောင်ကောင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၂၁၅ သန်းဖြင့် စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၅ ဒသမ ၉၉၇ သန်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) ခြောက်လအတွင်း နိုင်ငံအလိုက် ဝင်ရောက်မြှုပ်နှံမှုအနေဖြင့် စင်ကာပူက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂၉၇ ဒသမ ၃၄၉ သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၄၂ ဒသမ ၁၃၇ သန်း၊ တိုင်ပေက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၈ ဒသမ ၆၄၁ သန်း၊ ပြင်သစ်က ဒေါ်လာ ၀ ဒသမ ၄၉၇ သန်း၊ ဟောင်ကောင်က ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၁၀၉ ဒသမ ၁၄၀ သန်း၊ အိန္ဒိယနိုင်ငံက ဒေါ်လာ ၀ ဒသမ ၅၅၀ သန်း၊ အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၄ ဒသမ ၅၃၀ သန်း၊ မလေးရှားက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၀ ဒသမ ၃၁၂ သန်း၊ R.O.K က ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၆၂ ဒသမ ၆၉၃ သန်း၊ Samoa က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာနှစ်သန်း၊ Seychelles က ဒေါ်လာ ၁ ဒသမ ၃၄၃ သန်း၊ ထိုင်းက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ခုနစ်သန်း၊ နယ်သာလန်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာလေးသန်း၊ UK က ဒေါ်လာ ၀ ဒသမ ၃၃၅ သန်း ဝင်ရောက်မြှုပ်နှံထားသည်။

**Source:** https://news-eleven.com/article/232336

## မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ကုလားပဲနှင့်နှမ်းများ ဈေးနှုန်းအတက်ဘက်ရောက်လာ

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ကုလားပဲနှင့်နှမ်းများ ဈေးနှုန်းအတက်ဘက်ရောက်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ယခင်က ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်၌ပါ အရောင်းအဝယ်အေးနေသည့် ကုလားပဲနှင့်နှမ်းမှာ ယခုအခါ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာသဖြင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းများ အတက်ဘက်ရောက်လာကြောင်း သိရသည်။

"ဇွန် ၆ ရက်က ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၄၇၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၄၉၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၃၁၀၀၀၊ ကုလားပဲ (929) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၃၆၅၀၀ သာပေါက်ဈေးရှိပါတယ်" ဟု ဦးစက်မောင်ဆွေကပြောပြသည်။

ယခုလက်ရှိ ကုလားပဲအုပ်စု အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာပြီး ယနေ့(ဇွန်-၁၃) ပေါက်ဈေးအရ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၁၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀၊ ကုလားပဲ (TW) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ထိ ပေါက်ဈေးရှိနေပြီး ဈေးနှုန်းများမြင့်တက်လာကြောင်း သိရသည်။

“ဇွန် ၆ ရက်က နှမ်းဖြူသုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၆၀၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၁၅၃၀၀၀၊ နှမ်းနက်(ဆောင်း) သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၁၄၃၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်း ဝင်တစ်အိတ်ကို ငွေကျပ် ၂၁၀၀၀၀ သာ ပေါက်ဈေးရှိခဲ့ပါတယ်” ဟု ဦးစက်မောင်ဆွေကပြောပြသည်။

ယခုလက်ရှိပြည်တွင်းဈေးကွက်အပြင် ပြည်ပကပါ အဝယ်လိုက်လာခြင်းကြောင့် ယနေ့(ဇွန်-၁၃) ပေါက်ဈေးအရ နှမ်းဖြူသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀၊ နှမ်းနက်(ဆောင်း) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ထိ ပေါက်ဈေးရှိခဲ့ပြီး ဈေးနှုန်းများမြင့်တက်လာကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြည်ပအလုပ်သမား ရှားပါးမှုပြဿနာများကြောင့် မလေးရှားကုမ္ပဏီများ ကုန်မှာယူမှုများကို ငြင်းပယ်နေရ

ရွှေ့ပြောင်းအလုပ်သမား ရှားပါးမှုပြဿနာများကြောင့် ဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီများမှစ၍ တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီများထိပါဝင်သော မလေးရှားကုမ္ပဏီများသည် ကုန်မှာယူမှုများကို ငြင်းပယ်နေရကြောင်း ရိုက်တာ သတင်းဌာနက ယနေ့(ဇွန်-၁၃)တွင် ဖော်ပြခဲ့သည်။

မလေးရှားပြည်တွင်းရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် ရွှေ့ပြောင်းအလုပ်သမား တစ်သိန်းကျော်ထိ လိုအပ်လျက် ရှိရာ အဆိုပါပြဿနာမှာ မလေးရှားနိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူရေး ရည်မှန်းချက်များကို ခြိမ်းခြောက်လျက်ရှိသည်။

မလေးရှားနိုင်ငံသည် ကိုဗစ် ၁၉ ကပ်ဘေးကာလအတွင်း ကျင့်သုံးခဲ့သည့် ပြည်ပရွှေ့ပြောင်းအလုပ် သမားများခေါ်ယူမှု ပိတ်ပင်ရေးစည်းမျဉ်းကို ယခုနှစ် ဖေဖော်ဝါရီလတွင် ရုပ်သိမ်းခဲ့သည်။

သို့ရာတွင် အစိုးရ၏ အတည်ပြုချက်ပေးမှုများ နှေးကွေးနေခြင်း၊ လုပ်သားများ အကာအကွယ်ပေးရေး အစီအမံများနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ဆွေးစပ်ဆွေးနွေးမှုများ မပြီးပြတ်သေးမှုတို့ကြောင့် မလေးရှားနိုင်ငံသို့ ရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်ဝင်ရောက်မှုမှာ နည်းပါးနေဆဲဖြစ်သည်။

ပြည်ပပို့ကုန်များအပေါ် စီးပွားရေးအရ မှီခိုနေရသော မလေးရှားနိုင်ငံသည် စက်ရုံများ၊ စိုက်ခင်းနှင့်ဝန်ဆောင်မှု လုပ်ငန်းနယ်ပယ်များအတွက် ပြည်ပအလုပ်သမားများကို အားထားနေရသည်။

ရွှေ့ပြောင်းအလုပ်သမားရှားပါးမှုပြဿနာကြောင့် ဖောက်သည်များ အခြားနိုင်ငံများသို့ ရောက်ရှိသွားမည့်အရေးကို မလေးရှားကုန်ထုတ်လုပ်ငန်းရှင်များက စိုးရိမ်ပူပန်လျက်ရှိကြောင်းသိရသည်။

Source: ရတနာပုံသတင်းစာ

## ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း ဓာတ်ဆီဈေးနှုန်း ၁၁ ဆအထိမြင့်တက်လာ

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း ဓာတ်ဆီဈေးနှုန်း ၁၁ ဆအထိ စံချိန်တင်မြင့်တက်မှုရှိလာခဲ့ကြောင်း ယနေ့(ဇွန်-၁၃)ဆင်ဟွာသတင်းတစ်ရပ်အရသိရသည်။ ဇွန် ၁၃ ရက်တွင် RON95 တစ်လီတာဈေးနှုန်းသည် ဗီယက်နမ်ဒေါင် ၇၉၇ ဒေါင်(အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၄ ဒေါ်လာ)အထိ သိသိသာသာ မြင့်တက်မှုရှိလာခဲ့ကြောင်းလည်း သိရသည်။ လက်ရှိတွင် RON92 တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၈၈၂ ဒေါင်ရှိကြောင်းနှင့် ဒီဇင်ဆီဈေးနှုန်းသည်လည်း မြင့်တက်လျက် ရှိကြောင်းသိရသည်။

ထို့ပြင် ဓာတ်ဆီဈေးနှုန်း အပြောင်းအလဲ ၁၄ ကြိမ်အထိ ပြောင်းလဲမှုရှိခဲ့ပြီး ဓာတ်ဆီဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် အခွန်လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်အပြင် ဓာတ်ဆီဈေးနှုန်းများ ကျဆင်းရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဖြေရှင်းမှုများလည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်းသိရသည်။

ဓာတ်ဆီဈေးနှုန်းနှင့် ဒီဇယ်ဆီဈေးနှုန်းများသည် ရောင်းလိုအားနှင့် ဝယ်လိုအားအပေါ်တွင် မူတည်လျက်ရှိပြီး နောက်ထပ် လောင်စာဆီထုတ်လုပ်ရေး အရင်းအမြစ်များရှာဖွေရန်အတွက် ဗီယက်နမ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**Source:** ကြေးမုံသတင်းစာ

## ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး ပထမငါးလအတွင်း ၂၀ ရာခိုင်နှုန်း မြင့်တက်ခဲ့

ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုတန်ဖိုးသည် ယခုနှစ်ပထမငါးလအတွင်း အမေရိကန် ဒေါ်လာ ၂၂ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် အလားတူကာလအတွင်းက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇ ဘီလီယံသာရှိခဲ့ခြင်းကြောင့် နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်းသိရသည်။ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၁ ဘီလီယံရှိခဲ့ပြီး သွင်းကုန်တန်ဖိုးသည် အမေရိကန် ဒေါ်လာ ၁၃ ဘီလီယံရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အကောက်ခွန်ဌာနကပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံ၏နောက်တွင် အမေရိကန် နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုအများဆုံးနိုင်ငံများအဖြစ် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးမားဆုံးသော ဈေးကွက်တစ်ခုဖြစ်ပြီး အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လက်ထောက်အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချိကပြောကြား သည်။

**Source:** ကြေးမုံသတင်းစာ

## လားရှိုးမြို့နယ်ထွက် လိုက်ချီးသီးများ ဈေးကွက်အတွင်း ရောင်းအားကောင်း



Source: ကြေးမုံ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်းရှိ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော လိုက်ချီးသီးများ အရောင်းအဝယ်ဖြစ်လျက်ရှိနေပြီး ဈေးကောင်းရလျက်ရှိသည်။ လားရှိုးမြို့နယ်အတွင်းတွင် လိုက်ချီးသီးများကို နောင်မွန်၊ အီနိုင်း၊ နမ့်ပေါင်၊ စဥ့်အင်ကျေးရွာတို့တွင် အများအပြား စိုက်ပျိုးကြပြီး နယ်မြေဒေသစုံသို့ ပို့ဆောင်ရောင်းချနေရကြောင်း သိရသည်။

"ဒီတစ်နှစ်က လိုက်ချီးသီးတွေ ဈေးကောင်းရတယ်လို့ဆိုရမယ်။ အရင်နှစ်ထက် ဈေးပိုရတယ်။ အသီးအထွက်နှုန်းလည်း ကောင်းတယ်။ နောက်ပြီး ဝယ်တဲ့ဒေသတွေကလည်းစုံတယ်။ ဈေးကွက်ကတော့ မြန်မာပြည်အနှံ့ကိုပို့ပြီး ရောင်းချနေရတယ်" ဟု နောင်မွန်ကျေးရွာရှိ လိုက်ချီးစိုက်ပျိုးရောင်းချသူတစ်ဦးက ပြောကြားသည်။

လားရှိုးဒေသထွက် လိုက်ချီးသီးများကို ရန်ကုန်၊ မန္တလေး၊ တောင်ငူ၊ တောင်ကြီး၊ လောက်ကိုင်၊ မူဆယ်မြို့တို့သို့ အဓိက တင်ပို့ရောင်းချကြကြောင်းသိရသည်။

ယခုနှစ်အတွင်း လားရှိုးမြို့၌ လိုက်ချီးသီးဈေးနှုန်းမှာ ပြင်ပပေါက်ဈေးအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၅၀၀၀ ထိဈေးရှိနေပြီး လိုက်ချီးခြံတွင် သွားရောက်ဝယ်ယူပါက တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဈေးရှိကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

## ကမ္ဘောဒီးယားနိုင်ငံ၏ ရော်ဘာတင်ပို့မှု ပထမငါးလအတွင်း သုံးရာခိုင်နှုန်းမြင့်တက်ခဲ့



Source: ကြေးမုံ

ကမ္ဘောဒီးယားနိုင်ငံ၏ ရော်ဘာတင်ပို့မှုသည် ယခုနှစ် ပထမငါးလအတွင်း တန်ချိန် ၁၀၅၀၄၈ တန်ရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက သုံးရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း ရော်ဘာထုတ်ကုန်ဆိုင်ရာ အထွေထွေညွှန်ကြားမှုဦးစီးဌာနက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ရော်ဘာ တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၆၈ သန်းဝင်ငွေရရှိခဲ့ကြောင်းသိရသည်။ ရော်ဘာတင်ပို့မှုတန်ချိန် မြင့်တက်မှုရှိခဲ့သော်လည်း ဝင်ငွေရရှိမှုမှာ ပြီးခဲ့သည့်နှစ်အလားတူကာလအတွင်းက အမေရိကန်ဒေါ်လာ ၁၇၁ သန်း ရှိခဲ့ခြင်းကြောင့် ဝင်ငွေ ၁ ဒသမ ၇ ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့်တရုတ်နိုင်ငံတို့အား ရော်ဘာအဓိက တင်ပို့လျက်ရှိကြောင်းသိရသည်။ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ရော်ဘာစိုက်ခင်း စုစုပေါင်း ၄၀၄၀၄၄ ဟက်တာ ရှိကြောင်းလည်းသိရသည်။

**Source:** ကြေးမုံသတင်းစာ

## STOCK EXCHANGE (14.6.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Jun. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,500 | 38 | 288,400 | 33,109,694 | 251,634 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,700 | 2,700 | 2,650 | 1,105 | 2,933,500 | 38,929,150 | 103,162 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 17,500 | -500 | -2.78% | 17,500 | 17,500 | 17,500 | 29 | 507,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 19,977,223 | 50,942 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |


### Market summary

As of 14th Jun. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 353.47 | -0.71 | -0.20% | 354.18 | 355.30 | 353.40 | 1,172 | 3,729,400 | 7 | 614,905 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 14th Jun. 2022

| MYANPIX | 353.47 ▼ 0.71 |
|---|---|
| Total Volume (shares) | 1,172 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 614,905 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 0 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 17,500 | ▼ 500 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR